အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မကောင်းမှုတစ်ခုခုကိုမြင်တွေ့ခဲ့ပါက ၎င်းအား မိမိလက်ဖြင့် တားမြစ်ပါ။ အကယ်၍ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏နှုတ်လျှာဖြင့်

တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင်

မိမိ၏စိတ်နှလုံးသားအတွင်းမှ

ထိုအရာကိုမကောင်းမှုဟုမှတ်ယူပါ။ ဤသည်

အီမာန်ယုံကြည်မှု၏ အနိမ့်ဆုံးအဆင့်ဖြစ်သည်။

အဗူစအီးဒ် ခွဒ်ရီး (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်ကို ကြားသိခဲ့ရသည်။အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မကောင်းမှုတစ်ခုခုကို မြင်တွေ့ခဲ့ပါက ၎င်းအား
မိမိလက်ဖြင့် တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏နှုတ်လျှာဖြင့်
တားမြစ်ပါ။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် မိမိ၏စိတ်နှလုံးသားအတွင်းမှ
ထိုအရာကိုမကောင်းမှုဟုမှတ်ယူပါ။ ဤသည် အီမာန်ယုံကြည်မှု၏
အနိမ့်ဆုံးအဆင့်ဖြစ်သည်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် (အလ္လာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏ရစူလ်တမန်တော်တို့က တားမြစ်ထားသည့်) မကောင်းမှုများအား တတ်စွမ်းနိုင်သမျှတားမြစ်ရန် မိန့်ကြားတော်မူခဲ့သည်။ အကယ်၍ အကြင်သူသည် မကောင်းမှုတစ်ခုအားမြင်တွေ့ပါက ထိုမကောင်းမှုအား လက်ဖြင့်တားမြစ်ရန်တတ်စွမ်းနိုင်လျှင် ၎င်းအပေါ်၌လက်ဖြင့်တားမြစ်ရန် တာဝန်ရှိသည်။ အကယ်၍ လက်ဖြင့်တားမြစ်ရန် မတတ်စွမ်းနိုင်ပါက၎င်းမကောင်းမှုအား မိမိ၏နှုတ်လျှာဖြင့်တားမြစ်ရမည်။ မကောင်းမှုကျူးလွန်သူအားယင်းမကောင်းမှု၏ဆိုးကျိုးကို ရှင်းပြကာ မကောင်းမှုအစား ကောင်းမှုကိုလမ်းညွှန်ပြသပေးရမည်။ အကယ်၍ ဤအဆင့်ကို ပြုလုပ်ရန်မတတ်စွမ်းနိုင်ပါက မကောင်းမှုအားနှလုံးသားဖြင့်တားမြစ်ရမည်။ဆိုလိုသည်မှာ မကောင်းမှုအား စိတ်ထဲ၌မနှစ်သက်မှုဖြစ်ရမည်။ ထို့ပြင် ထိုမကောင်းမှုအား တားမြစ်နိုင်စွမ်းရှိလာပါကမုချတားမြစ်မည်ဟူသော ခိုင်မာသောဆုံးဖြတ်ချက်ချရမည်။ မကောင်းမှုအားစိတ်နှလုံးသားဖြင့်တားမြစ်ခြင်းသည် အီမာန်၏ အဆင့်အတန်းများအနက် အနိမ့်ဆုံးနှင့်အားအပျော့ဆုံးအဆင့်ပင်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/65001